ရှမ်းပြုံးချောင်းကျေးရွာ

နဂါးမောက်ကျေးရွာအုပ်စု၊ တောင်ငူမြို့နယ်

ပဲခူးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရှမ်းပြုံးချောင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တောင်ငူမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇူလိုင်လ၊ ၂၀၁၈

# မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(မှတ်ချက်။ အောက်ဖော်ပြပါ ရေးသားမှုမှာ ပြည့်စုံသည်ဟု မမှတ်ယူရန် မေတ္တာရပ်ခံပါသည်။ နမူနာမျှသာ ရေးပြထားခြင်းဖြစ်ပါသည်။ လူမှုစီးပွားအခြေပြဇယားများ (၂၅ ဇယား သို့မဟုတ် ၄၈ ဇယား) ကို သုံးသပ်၍ ရေးမှ ပိုမိုပြည့်စုံစွာ သုံးသပ်ရေးသားနိုင်ပါမည်။ ဖွံ့ဖြိုးရေးဗျူဟာဇယားကို သုံးသပ်၍ ရေးရန်လည်း လိုအပ်ပါသေးသည်။)

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ရှမ်းပြိုးချောင်းကျေးရွာသည်ပဲခူးတိုင်း၊ပုသိမ်ခရိုင်၊ တောင်ငူမြို့နယ်နဂါးမောက်ကျေးရွာ အုပ်စု၊ တောင်ငူမြို့နယ်အရှေ့ဘက်၊ တောင်ငူ-လိပ်သိုဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းမ ဘေးတွင်တည်ရှိသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး မိုးတွင်းကာလရေကြီးချိန်တွင် မြေနိမ့်ဒေသဖြစ်သောကြောင့် ကျေးရွာအနိမ့်ပိုင်းလယ်ကွင်းများ ရေလွှမ်းမိုးမှုခံရတတ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ မရမ်း၊ ကုက္ကိုလ်၊ သရက်၊ငှက်ပျောစသော အပင်များပေါက်ရောက်သည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သောလယ် (၅၇)ဧက၊ မတ်ပဲ၊ မြေပဲနှင့် နနွင်းစိုက်ပျိုးနိုင်သော ဥယျာဉ်မြေ(၃၁၅)ဧကရှိသည်။ မြေအောက်ရေတွင်း များမှ ရေကိုစက်ဖြင့်စုပ်တင်ပြီး နွေစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာအနီးတွင် ချောင်းရှိပြီး ချောင်းရေ နှင့်ပိုက်ရေတွင်းများ တူးဖော်ပြီး ရေတင်စက်များအသုံးပြု၍ ရေသွင်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင် နိုင်သည်။

## ၃။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေး လုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ သာရေးနာရေးအသင်းအဖွဲ့သာရှိသော်လည်း အခြားလုပ်ငန်းကိစ္စ များကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။အခြားအဖွဲ့အစည်းများ ဖွဲ့စည်းထားခြင်းမရှိသော ကြောင့် အားနည်းမှုများရှိပါသည်။ ကျေးရွာတွင်သာရေးနာရေးလူမှုရေးကိစ္စကြီး ငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်း ထားသော ကျေးရွာအဖွဲ့အချို့ရှိသော်လည်း သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာ ဖွဲ့စည်းထားသည့်ပုံစံဖြစ်ပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင် ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

### (ခ)စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါး စိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ မြေပဲဖြစ်၍ ဆောင်းရာသီ တွင် ဆောင်းမြေပဲ၊နနွင်းနှင့်အခြားဆောင်သီးနှံများစိုက်ပျိုးခြင်းဖြစ်သည်။ ကျေးရွာတွင်မိုးစပါး စိုက်ပျိုးမြေ(၅၇)ဧက၊ ဥယျာဉ်ခြံစိုက်ပျိုးနိုင်သောမြေ(၃၁၅)ဧကရှိပြီး၊ မိုးစပါးစိုက်ပျိုးပြီး လယ်ကွက် များပေါ်တွင်မတ်ပဲနှင့်နွေစပါးကိုလည်းသီးထပ်အဖြစ်စိုက်ပျိုးကြသည်။ နှစ်စဉ် ကျေးရွာမှ မိုးစပါးတင်း ရေ(၂၈၅၀)၊ မြေပဲတင်းရေ(၇၀၀၀၀၀) တင်းခန့်ထွက်ရှိသည်။ ချောင်းရေနှင့်မြေအောက်ရေတို့ဖြင့် နွေစပါးစိုက်ပျိုးရာတွင် ကြဲပက်စံနစ်ဖြင့် စိုက်ပျိုးလေ့ရှိပြီး မေလတွင် စတင်စိုက်ပျိုးကြသည်။ နွေစပါး အထွက်နှုန်းမှာ သွင်းအားစုပြည့်စုံစွာထည့်သွင်းပါ(၁၂၀)တင်းဖြစ်၍သီးထပ်ရင် စပါးမျိုးကို အသုံးပြု စိုက်ပျိုးကြသည်။ မိုးစပါးကို ဇူလိုင်၊ ဩဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလတွင်ရိတ် သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာတစ်ဧကပျမ်းမျှ (၆၀)တင်း ဖြစ်သည်။

စပါး၊ မတ်ပဲ၊ ဟင်းသီးဟင်းရွက်စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမား များ အကျိုးအမြတ်ရရှိမှုနည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါ သီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေ နည်းသည့်အတွက် လူငယ်များသည် ပြင်ပသို့ ထွက်၍ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။

မြေအောက်ရရှိခြင်းသည် သီးထပ်စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ သို့သော် ရေတွင်းတူး၍ ရေတင်စိုက်ပျိုးရန် ရင်းနှီးငွေ မရှိခြင်း၊ သီးနှံထုတ်ကုန်များအတွက် ဈေးကွက် အချိတ်အဆက်နှင့် ရောင်းချရေးစနစ်များ ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုက စွမ်းဆောင်နိုင်ခြင်းမရှိပါ။

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်မှု အလွန်နည်းသည်ပါသည်။ (အိမ်ထောင်စုဇယား အချက်အလက်များ ရရှိလျှင် ကိန်းဂဏန်းအချက်အလက်နှင့်တကွ ပိုမိုပြည့်စုံအောင်ရေးနိုင်ပါမည်။)

### (ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ရန် ရေတွင်း များတူးဖော်ထားရှိပါသည်။ ကျေးရွာတွင်အိမ်ထောင်စု၉၀%ခန့်သည်လည်း ကိုယ်ပိုင်ရေတွင်များ သုံးစွဲ နိုင်ကြသည်။

ကျေးရွာတွင် မူလတန်းလွန် ကျောင်းတစ်ကျောင်းရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာနှင့် (၅)မိုင်ခန့်တွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ စောင့်ရှောက်မှုရရှိပါသည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးအနေဖြင့် ဆိုလာမီးလင်းရေးကိုသာသုံးစွဲကြပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့်တောင်သူလယ်သမားများအတွက်လိုအပ်သောချေးငွေကိုမိုးစပါးစိုက်ပျိုးနိုင်ရန်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။သမဝါယမချေးငွေမှ တစ်ဦးလျှင်ကျပ်တစ်သိန်းနှုန်းဖြင့်ချေးငွေ ထုတ်ချေးထားမှုများရှိပါသည်။ (အဖွဲ့အမည်နှင့် ဘယ်လောက်ပမာဏ အထိရနိုင်သည်ကို ရေးနိုင်လျှင် ပိုကောင်းမည်။)။ တောင်သူလယ်သမားများသာမကဘဲ အခြားအသေးစားစီးပွားရေးလုပ်ငန်းများထူထောင်ရန် (ဥပမာ - တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။

### (င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများမရှိပါ။ ကျေးရွာတွင်အခြေခံပညာမူလတန်းလွန် ကျောင်းရှိသောကြောင့် မူလတန်းပညာသင်ကြားမှုအနေဖြင့်အခက်အခဲမရှိပါ။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

### (စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ဟင်းသီးဟင်းရွက်ပဲမျိုးစုံစိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေအသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေး သူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုကျေးရွာနှင့်(၅)မိုင်ခန့်ကွာ ဝေးသောကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှရရှိကြသည်။ ဆေးပေးခန်းတွင်ကျန်းမာရေးဝန်ထမ်း(၁)ဦးရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်းဝန်ဆောင်မှုများ ရရှိကြပါသည်။ ကလေးသူငယ်များအတွက်ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကိုကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

### (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေသြဇာများ အသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေသြဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်း တို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်နှင့်

မြေပဲ၊နှမ်းစိုက်ခင်းများတွင် ပိုးသတ်ဆေးများအသုံးပြုရသောကြောင့် သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင်ဓါတ်ကြွင်းအန္တရာယ်လျော့ပါး ရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ ချောင်းမြောင်းများတိမ်ကောလာသောကြောင့်မိုးရာသီ မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများရေနှစ်မြုပ်ခံရသောကြောင့် အချို့တောင်သူများ၏စပါးခင်းများရေနစ် ပျက်စီး၍ နောက်တကြိမ်ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံတွေ့ကြရသည်။

**(ဇ)ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင် ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် (ရှင်ပြုအလှူပွဲများ ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း) အမျိုးသမီးများသည်အမျိုးသားနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေးရှိပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ရွာတွင်းလမ်းဖွံ့ဖြိုးတိုးတက်ရေး စီမံချက် ကျောက်ချောခင်းခြင်း (၄၀၀၀'× ၁၀'×၄") | ၁ |
| ၂ | အခြေခံအဆောက်အဦ | ကျေးရွာအဝင်တံတား ကောင်းမွန်လာစေရေးစီမံချက်ချောင်းကူးသစ်သားတံတားကို (၁၈၀'×၁၄'×၁၀')ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ခြင်း | ၂ |
| ၃ | ကျန်းမာရေး | ကျေးရွာ၏ကျန်းမာရေးတိုးတက်လာစေရေးစီမံချက်ကျေးလက်ဆေးပေးခန်းရရှိ ရန်ဆောင်ရွက်ခြင်း | ၃ |
| ၄ | ပညာရေး | ဘက်စုံတော်သည့်ကျောင်းအဖြစ်ဖန်တီးတည်ဆောက်ခြင်း၊ သင်ထောက်ကူပစ္စည်းများပြည့်စုံစွာပံ့ပိုးခြင်း | ၄ |
| ၅ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | အလုပ်အကိုင်အခွင့်အလမ်း တိုးတက်စေရေးစီမံချက် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်သင်ကြားခြင်း | ၅ |
| ၆ | အခြေခံအဆောက်အဦ | သောက်သုံးရေ ဖူလုံစေရေးစီမံချက်စက်ရေတွင်းတူးဖော်ခြင်း | ၆ |
| ၇ | အခြေခံအဆောက်အဦ | စာကြည့်တိုက် ဆောက်လုပ်ခြင်း | ၇ |
| ၈ | လျှပ်စစ် | ကျေးလက်မီးလင်းရေးအတွက်ဆောင်ရွက်ပေးခြင်း | ၈ |
| ၉ | အခြေခံအဆောက်အဦ | ကျေးရွာကုန်ထုတ်လမ်းရရှိရေးစီမံချက် ကုန်ကြမ်းလမ်းလုပ်ဆောင်ခြင်း | ၉ |
| ၁၀ | စိုက်ပျိုးရေး | စပါးမျိုးကောင်းမျိုးသန့်ရရှိစေရေးစီမံချက် | ၁၀ |

နောက်ဆက်တွဲ (၁)

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်း အရင်း | အခြေအနေကောင်း များ | အဟန့်အတားများ | ဖြေရှင်းနိုင်သည့် နည်းလမ်းများ | လုပ်ငန်း/စီမံချက် |
|---|---|---|---|---|---|
| **၁။ ပညာရေး** | | | | | |
| • ကျေးရွာရှိ မူလွန်ကျောင်းတွင် အခင်း၊ အကာႏများ မပြီးစီးသေးဘဲ အသုံးပြု နေရပါသည်။ 4 | • ကျေးရွာရှိ မူလတန်းကျောင်း သည် (၂၀၁၅)ခုနှစ် တွင် မူလွန်အဆင့်သို့ တိုးမြှင့်ခဲ့ပြီး ကျောင်းသား ဦးရေ များပြားလာသည်။ စုစုပေါင်း တစ်ထပ် စာသင်ဆောင် (၃) ဆောင်ရှိပြီး စာသင်ဆောင် တစ်ဆောင်သည် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထား သည့် ကျောင်းဆောင် ဖြစ်သည်။ ကျေးရွာမှ ငွေကြေး ဆက်လက် စုဆောင်းရန် မတတ်နိုင်တော့ သဖြင့် ၎င်းစာသင် ဆောင်တွင် နံရံ၊ ပြတင်းပေါက်နှင့် တံခါးရွက်များ မတပ်ဆင် နိုင်တော့ပါ။ | • ကျောင်းကောင်စီ နှင့် မိဘဆရာ အသင်း ဖွဲ့စည်း ထားပြီး လိုအပ်ပါက လူအင်အား စိုက်ထုတ် နိုင်ပါသည်။ | • ကျေးရွာသည် စာသင်ဆောင် နံရံကာရန်၊ ပြတင်းပေါက်နှင့် တံခါးရွက်များ တပ်ဆင်ရန် ကုန်ကျစရိတ် မတတ်နိုင် တော့ပါ။ | • ကိုယ်ထူကိုယ်ထ စာသင်ဆောင်တွင် နံရံကာရန်၊ ပြတင်းပေါက်နှင့် တံခါးရွက်များ တပ်ဆင်ရန်အတွက် လိုအပ်သည့် ရံပုံငွေ ရရှိရန် ပညာရေးဦးစီး ဌာန၊ ကျေးလက်ဦးစီး ဌာနတို့နှင့် ချိတ်ဆက် ဆောင်ရွက် သွားရမည် ဖြစ်သည်။ | • ကျေးရွာ မူလွန်ကျောင်းတွင် ကျောင်းသား/သူမျာ း အဆင်ပြေ ချောမွေ့စွာ ပညာသင်ယူနိုင်ရန် ကိုယ်ထူကိုယ်ထ စာသင်ကျောင်းဆေ ာင်တွင် နံရံကာရံခြင်း၊ ပြတင်းပေါက်နှင့် တံခါးရွက်များ တပ်ဆင်ခြင်းများ ပြုလုပ်သွားမည်။ |

| ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားများ | ဖြေရှင်းနိုင်သည့်နည်းလမ်းများ | လုပ်ငန်း/စီမံချက် |
|---|---|---|---|---|---|
| | မိုးကာစ များဖြင့်သာ ကာရံထားသဖြင့် ကျောင်းသား/သူများ မိုးဒဏ်လေဒဏ် ခံနေရပါသည်။ | | | | |
| **၂။ ကျန်းမာရေး** | | | | | |
| • ကျေးရွာသည် ဖျားနာမှုနှင့် အရေးပေါ် အခြေအနေများအတွက် ဆေးကုသမှု အလွယ်တကူ မရရှိနိုင်ပါ။ 3 | • ဆေးကုသမှု ရရှိရန် အနီးဆုံး အနေဖြင့် (၇) မိုင် ကွားဝေးသော ကျောက်တိုင် ကျေးလက် ကျန်းမာရေး ဌာနခွဲနှင့် (၈)မိုင်ခွဲ ဝေးသော တောင်ငူမြို့သို့ သွားရောက်ရသည်။ ရွာသူ/သားများ အနေဖြင့် သာမန် အဖျားအနာ ကိစ္စများအတွက် အချိန်နှင့် ငွေကြေး အခက်အခဲ များကြောင့် မြို့ပေါ်သို့ မသွားလို ကြပဲ ရွာထဲ၌ပင် ဆေးကုသမှု ခံယူလိုကြသည်။ | • ကျေးရွာတွင် (၂)ဧက မြေကွက်ရှိပြီး ရွာအနီးရှိ ရှမ်းပြုံးချောင်းမှ သဲထုတ်ယူ နိုင်ပါသည်။ | • | • ကျေးရွာတွင်း၌ ကျေးလက် ဆေးပေးခန်း ရရှိစေရန် ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများက ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆောင်ရွက်ရမည်။ | • ကျေးရွာသူ/သားမျာ း အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီစေရန် ကျေးရွာတွင်း၌ ကျေးလက်ဆေးပေး ခန်း ရရှိရန် ဆောင်ရွက်ရမည်။ |

| ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားများ | ဖြေရှင်းနိုင်သည့်နည်းလမ်းများ | လုပ်ငန်း/စီမံချက် |
|---|---|---|---|---|---|
| **၃။ စိုက်ပျိုးရေး** | | | | | |
| • ကျေးရွာတွင် စပါးအထွက်နှုန်း မကောင်းပါ။ 10 | • ဒေသမျိုးကိုသာ ထပ်ကာ ထပ်ကာ စိုက်ပျိုးပြီး မျိုးကောင်း/သန့် လက်လှမ်းမမီပါ။ ထို့ပြင် ခေတ်မီ စိုက်နည်းစနစ်များ လက်လှမ်းမမီပါ။ | • စိုက်ပျိုးရေး ဦးစီးဌာနနှင့် အခြားပုဂ္ဂလိက ရောင်းချသူများက မျိုးကောင်းမျိုးသန့် များ ဖြန့်ဖြူး ရောင်းချလျှက် ရှိသည်။ • စိုက်ပျိုးရေးဦးစီး ဌာနမှ စိုက်ပျိုးနည်းပညာ များ ရယူနိုင်သည်။ | • ကျေးရွာသည် မြို့နှင့်အလှမ်းဝေး ပြီး လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသဖြင့် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်မှု အားနည်းသည်။ • စပါးမျိုးကောင်း/သန့် ဝယ်ယူအသုံး ပြုရန် လက်လှမ်း မမီခြင်းနှင့် ကုန်ကျစရိတ် မတတ်နိုင်ခြင်း တို့ကြောင့် အသုံးမပြုနိုင် ကြပါ။ | • လယ်သမားအဖွဲ့များ ဖွဲ့စည်းကာ မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနထံမှ စိုက်ပျိုးရေး နည်းပညာ ဝန်ဆောင်မှုများ၊ မျိုးကောင်း/သန့် ထုတ်လုပ်ခြင်း ဆိုင်ရာ နည်းပညာနှင့် မျိုးကောင်း/သန့် ရရှိနိုင်ရေး အစီအစဉ်များ ဆောင်ရွက်သွားမည်။ စိုက်ဘဏ်မှ နှစ်ရှည်ချေးငွေများ ရရှိရန် ဆောင်ရွက်သွား နိုင်ပါသည်။ | • စိုက်ပျိုးရေး ဦးစီးဌာန၊ စိုက်ပျိုးရေး ကုမ္ပဏီများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ကာ မျိုးကောင်း/သန့်များ ဖြန့်ဖြူးထောက်ပံ့ ပေးသည့် အစီအစဉ်များ၊ မျိုးကောင်း/သန့် ထုတ်လုပ်နိုင်ရေး အစီအစဉ်များ ရရှိအောင် ဆောင်ရွက်သွားမည် ။ • စိုက်ပျိုးရေးဦးစီးဌာန မှ ခေတ်မီ စိုက်ပျိုးရေး နည်းပညာများ ရရှိရန် ချိတ်ဆက် ဆောင်ရွက်သွားမည် ။ • စိုက်ဘဏ်နှင့် အခြား အဖွဲ့အစည်းများမှ |

| ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားများ | ဖြေရှင်းနိုင်သည့်နည်းလမ်းများ | လုပ်ငန်း/စီမံချက် |
|---|---|---|---|---|---|
| | | | | | တောင်သူဦးကြီးများအတွက် နှစ်ရှည်ဆပ်ချေးငွေ အစီအစဉ်များ ဆောက်ရွက်ပေးနိုင်ပါသည်။ |
| • ကျေးရွာရှိ တောင်သူများ စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ မရရှိကြပါ။ | • တောင်သူများသည် စိုက်ပျိုးစရိတ် ထုတ်ချေးလိုကြသော်လည်း မြေယာအသုံးချခွင့် ပုံစံ(၇) မရှိကြသဖြင့် ချေးငွေမရနိုင်ပါ။ | • တောင်သူအားလုံး စိုက်ပျိုးစရိတ် ချေးငွေ ချေးလိုကြသည်။ | • တောင်သူများ သည် လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ပုံစံ(၇) ရရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို မသိကြပါ ။ | • မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ထုတ်ချေးလိုကြသော တောင်သူများ စုပေါင်း၍ မြေယာလုပ်ပိုင်ခွင့် ပုံစံ (၇) ရရှိရန်အတွက် လယ်ယာ မြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဌာနနှင့် ချိတ်ဆက်၍ လုပ်ဆောင်သွားရန် ဖြစ်ပါသည်။ | • တောင်သူများ စုပေါင်း၍ မြေယာအသုံးချခွင့် ပုံစံ (၇) ရရှိရန် လုပ်ဆောင်ပြီး စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ ရရှိရန် ဖြစ်ပါသည်။ |
| • ကျေးရွာ၏ ကုန်ထုတ်လမ်း ပျက်စီးနေသဖြင့် သီးနှံများ အချိန်မီ ရိတ်သိမ်းနိုင်ခြင်း မရှိဘဲ ဈေးကွက်သို့ အချိန်မီ မရောက်ရှိပါ။ 9 | • လမ်းသည် မြေသားဖြစ်ကာ ဗွက်များ ထနေသဖြင့် ချွေလှေ့စက်၊ ရိတ်စက်များကို | • ကုန်းထုတ်လမ်း ဟောင်းရှိပြီး လူအင်အား စိုက်ထုတ် နိုင်ပါသည်။ | • ကုန်ထုတ်လမ်း အဆင့်မြှင့် တင်ရန် ကုန်ကျစရိတ် မတတ်နိုင်ပါ။ | • လယ်သမားအဖွဲ့များ ဖွဲ့စည်းကာ ကုန်ထုတ်လမ်း အဆင့်မြှင့်တင်နိုင်ရန် ကျေးလက်ဦးစီးဌာန၊ | • ကျေးရွာ၏ စိုက်ပျိုးရေး လုပ်ငန်းတွင် သီးနှံများ အချိန်မီ ထွန်ယက် စိုက်ပျိုး |

| ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားများ | ဖြေရှင်းနိုင်သည့်နည်းလမ်းများ | လုပ်ငန်း/စီမံချက် |
|---|---|---|---|---|---|
| | ကျွဲလှည်းများဖြင့် သယ်ယူရပါသည်။ တခါတရံ ကျွဲများ မရှန်းနိုင်သဖြင့် လယ်ယာသုံး စက်ကိရိယာများကို အချိန်မီ အသုံးမပြုနိုင်ခြင်း၊ ရိတ်သိမ်းပြီး သီးနှံများကို ၁-၂ ရက်ခန့်ကြာမှ ရွာသို့ သယ်ယူနိုင်ခြင်း စသည့် အခက်အခဲ များရှိပါသည်။ | | | ကျေးလက် လမ်းဦးစီးဌာနတို့နှင့် ချိတ်ဆက် ဆောင်ရွက် သွားရမည်။ | ရိတ်သိမ်းပြီး ဈေးကွက်သို့ အချိန်မီ တင်ပို့နိုင်ရန် ကုန်ထုတ်လမ်းအား ကျောက်ချောလမ်း ခင်းနိုင်ရန် ဆောင်ရွက် သွားပါမည်။ (၄မိုင်×၁၀ပေ) |
| **၄။ အခြေခံအဆောက်အဦ**<br>**၄.၁။ ကျေးလက် လမ်းတံတား** | | | | | |
| • ကျေးရွာတွင်း လမ်းမသည် မိုးရာသီတွင် ဗွက်အိုင်များ ဖြစ်ပေါ်ပြီး သွားလာရ အဆင်မပြေပါ။ 1 | • လမ်းများသည် ကျဉ်းပြီး မြေသားလမ်း ဖြစ်သဖြင့် မိုးရာသီတွင် လမ်းပေါ်ရေတင်ကာ ဗွက်ထသည်။ | • လုပ်အားရှိပြီး လမ်းဖြစ်မြောက်ရန် ကျေးရွာသူ/သား များက ငွေကြေး အနည်းငယ် ထည့်ဝင်နိုင်သည်။ ရှမ်းပြုးချောင်းမှ သဲထုတ်ယူ နိုင်ပါသည်။<br>• လိုအပ်ပါက အိမ်ခြံများကို | • ရွာတွင်းလမ်းမကို အဆင့် မြှင့်တင်ရန် မတည်ငွေ မရှိပါ။ | • ရွာတွင်းလမ်းမ ပြုပြင်ရန် ကျေးရွာမှ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ (သို့) လမ်းဖြစ်မြောက်ရေး ကော်မတီ ကဲ့သို့သော အဖွဲ့အစည်း တစ်ခုခုမှ ဦးဆောင်၍ ရံပုံငွေကောက်ခံခြင်း၊ ပွင့်လင်းရာသီတွင် ကျောက်သဲခင်းခြင်း | • ကျေးရွာသူ/သားမျာ း ရာသီမရွေး သွားလာရေး အဆင်ပြေစေရန် ရွာတွင်းလမ်းမချဲ့ပြီး ကျောက်ချောလမ်း ခင်းနိုင်ရန် ဆောင်ရွက်သွားမည် ။ (၄၀၀၀'× ၁၀'× ၄") |

| ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားများ | ဖြေရှင်းနိုင်သည့်နည်းလမ်းများ | လုပ်ငန်း/စီမံချက် |
|---|---|---|---|---|---|
| | | နောက်ဆုတ်ပေးနိုင်ပါသည်။ | | လုပ်ငန်းများဆောင်ရွက်သွားမည်။<br>• ကျေးရွာမှ မနိုင်သည့်အပိုင်းအား ကျေးလက်ဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးတို့နှင့် ချိတ်ဆက်၍ တင်ပြဆောင်ရွက်သွားပါမည်။ | |
| • မိုးရာသီတွင် ရှမ်းပြုံးချောင်းကူးယာယီတံတားသည် ရေလွှမ်းခြင်း၊ တောင်ကျချောင်း ရေနှင့်အတူ မျောပါပျက်စီးလေ့ရှိခြင်းတို့ကြောင့် အနီးပတ်ဝန်းကျင်ကျေးရွာများနှင့် တောင်ငူမြို့ပေါ်သို့ သွားလာရေး ခက်ခဲပါသည်။ 2 | • ကျေးရွာထိပ်ရှိ ရှမ်းပြုံးချောင်းကူး တံတားသည် ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားခြင်းဖြစ်ပြီး ခိုင်ခံ့မှု မရှိပါ။ မိုးရာသီတွင် တောင်ကျချောင်းရေနှင့် အတူ မျောပါပျက်စီးလေ့ရှိသဖြင့် ၂နှစ်တစ်ခါခန့် ပြန်လည်ပြုပြင်ရပြီး ငွေကုန်ကြေးကျများပါသည်။ | • လုပ်အားရှိပြီး တံတားဖြစ်မြောက်ရန် ကျေးရွာသူ/သားများက ငွေကြေးအနည်းငယ် ထည့်ဝင်နိုင်သည်။ ရှမ်းပြုံချောင်းမှ သဲထုတ်ယူနိုင်ပါသည်။ | • ရှမ်းပြုံးချောင်းကူး သံကူကွန်ကရစ်တံတား ဆောက်လုပ်ရန် မတည်ငွေ မရှိပါ။ | • ကျေးရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (သို့) လမ်းဖြစ်မြောက်ရေးကော်မတီ ကဲ့သို့သော အဖွဲ့အစည်းတစ်ခုခုမှ ဦးဆောင်၍ ကျေးလက်ဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးတို့နှင့် ချိတ်ဆက်ကာ ကျေးရွာထိပ်ရှိ ရှမ်းပြုံးချောင်းကူး တံတား (၁)စင်း တည်ဆောက်နိုင်ရန် ဆောင်ရွက်သွားပါမည်။ | • ကျေးရွာသူ/သားများ အနီးပတ်ဝန်းကျင်ရှိရွာများနှင့် တောင်ငူမြို့ပေါ်သို့ ရာသီမရွေး သွားလာနိုင်စေရန် ရှမ်းပြုံးချောင်းကူး သံကူကွန်ကရစ်တံတား (၁)စင်း တည်ဆောက်သွားမည်။ (၁၈၀'× ၁၄') |

| ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားများ | ဖြေရှင်းနိုင်သည့်နည်းလမ်းများ | လုပ်ငန်း/စီမံချက် |
|---|---|---|---|---|---|
| **၄.၂။ ကျေးလက်ရေပေးဝေရေး** | | | | | |
| • ကျေးရွာသူ/သား များအတွက် နွေရာသီတွင် သောက်သုံးရေ မလုံလောက်ပါ။ 6 | • ကျေးရွာတွင် လက်ငင်အဝီစိတွင်း ၁၅ တွင်းရှိပြီး နွေရာသီတွင် ရေတွင်း ၁၃ တွင်းမှာ ရေခမ်းခြောက်သဖြင့် ရေတွင်း (၂)တွင်းတည်းဖြင့် မလုံလောက်ပါ။<br>• ရှမ်းပြုံးချောင်း ထဲတွင် လက်ယက်တွင်းများ လုပ်ကာ သောက်ရေ ခပ်ကြရသည်။ | • ရွာတွင် မြေသားရေလှောင်ကန် ပြုလုပ်ရန် ရွာပိုင်မြေနေရာ ရှိပါသည်။ | • ရွာမြေသည် ကျောက်ခဲ နေသဖြင့် အဝီစိတွင်း တူးနက်ဖော်ရန် ခက်ခဲပြီး ရေထွက်ရန် မသေချာပါ ။ | • ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများက ကျေးလက်ဦးစီး ဌာနနှင့် ချိတ်ဆက်ကာ မြေသား မိုးရေလှောင်ကန် တူးဖော်နိုင်ရန် ဆောက်ရွက် သွားရပါမည်။ | • ကျေးရွာသူ/သားမျာ း နွေရာသီတွင် သောက်သုံးရေ လုံလောက်စွာ ရရှိရန် မြေသားမိုးရေလှော င်ကန် တူးဖော်နိုင်ရန် ဆောင်ရွက်သွားမည် ။ |
| **၅။ လျှပ်စစ်မီး** | | | | | |
| • ကျေးရွာသည် လျှပ်စစ်မီးမရသဖြင့် ကျေးရွာသူ/သား များ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ကလေးများ၏ ပညာရေး နောက်ကျလျှက် ရှိပါသည်။ 8 | • မိသားစုသုံး ဆိုလာကို အများစု အသုံးပြုကြပြီး အချိန်အကန့်အသတ် ဖြင့်သာ အသုံးပြုနိုင်ပါသည်။ | • ကျေးရွာသည် မဟာဓာတ်အား လိုင်းမှ ၂ မိုင်ခန့်သာ ကွာဝေးသဖြင့် မဟာ ဓာတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိနိုင်သည့် ရွာထဲတွင် ပါဝင်ပါသည်။<br>• ထရန်စဖော်မာ ထိုင်ရန် ရွာပိုင် မြေနေရာ ရှိပါသည်။ | • | • ကျေးရွာမီးလင်းရေး ကော်မတီ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတို့မှ ကျေးရွာမီးလင်းရေး အတွက် ရန်ပုံငွေ ကောက်ခံပေးခြင်း၊ မြို့နယ်လျှပ်စစ် ဓါတ်အား ဖြန့်ဖြူးရေး လုပ်ငန်းဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။ | • ကျေးရွာလုံးကျွတ် မီးလင်းရေးအတွက် မဟာဓာတ်အားလိုင် းမှ လျှပ်စစ်မီး ရရှိရန် ဆောင်ရွက်သွားမည် ။ |

| ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားများ | ဖြေရှင်းနိုင်သည့် နည်းလမ်းများ | လုပ်ငန်း/စီမံချက် |
|---|---|---|---|---|---|
| | | | | | |
| **၆။ လူငယ်နှင့် ယဉ်ကျေးမှု** | | | | | |
| • ကျေးရွာရှိ လူငယ်အများစုသည် အသိပညာ ဗဟုသုတ နည်းပါးကြသည်။ 7<br>• ကျေးရွာတွင် စိုက်ချိန်ပျိုးချိန်မှ အပ အခြား အချိန်များတွင် သစ်ခုတ်၊ ဝါးခုတ်နှင့် နေ့စား အလုပ်များသာ လုပ်ကိုင်ကြပြီး အခြားအလုပ် အကိုင် အခွင့်အလမ်း နည်းပါးသည်။ 5 | • လူငယ်များ အားလပ်ချိန်တွင် လေ့လာသင်ယူရန်ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ စားဖတ်သည့် အလေ့အထလည်း မရှိပါ။<br>• စားဝတ်နေရေး အတွက် ရရာ နေ့စားအလုပ်၊ ရှမ်းကုန်မြင့်တောထဲသို့ သွား၍ သစ်ခုတ်၊ ဝါးခုတ်အလုပ်များ လုပ်ကိုင်ကြသဖြင့် အသက်မွေးဝမ်း ကြောင်းပညာ တတ်မြောက်မှု နည်းပါးသည်။ | • လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေး၊ လူမှုရေး၊ သာရေး နာရေးစသော လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်လေ့ ရှိကြသည်။<br>• ကျေးလက်ဦးစီးမှ မိုဘိုင်းဖုန်းပြင် သင်တန်း၊ လက်သမား/ပန်းရံသင်တန်း၊ မှိုစိုက်သင်တန်း၊ ဆပ်ပြာချက် သင်တန်း၊ အပ်ချုပ်သင်တန်း စက်ပြင်သင်တန်း ကဲ့သို့သော အသက်မွေး ဝမ်းကြောင်း သင်တန်းများကို အခမဲ့ သင်ကြားပေး လေ့ရှိသည်။ | • တောင်ငူမြို့ပေါ်တွင် အသက်မွေးဝမ်း ကြောင်းပညာ အချို့ သင်ယူ နိုင်သော်လည်း ငွေကြေး မတတ်နိုင်ကြပါ။ | • လူငယ်များ အသိပညာ ဗဟုသုတ များပြား လာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာစေရန် သက်ဆိုင်ရာ ဌာနမှားနှင့် ချိတ်ဆက်ပြီး လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များ လုပ်ဆောင် သွားရန် ဖြစ်ပါသည်။ | • ကျေးရွာရှိ လူငယ်များ အသိပညာ ဗဟုသုတ တိုးပွားလာစေရန် လူငယ်အဖွဲ့ ဖွဲ့စည်းကာ မြို့နယ်ပြန်ဆက်မှ တစ်ပတ်တစ်ကြိမ် စာအုပ်၊ စာတမ်းများ ဌားရမ်း ဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ လူငယ်များ စာဖတ်သည့် အလေ့အထ ဖွံ့ဖြိုးလာစေရန် စာပေဟောပြောပွဲများ ကျင်းပကာ စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက် ဆောက်လုပ်ခြင်း စသည့် တို့ကို |

| ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားများ | ဖြေရှင်းနိုင်သည့်နည်းလမ်းများ | လုပ်ငန်း/စီမံချက် |
|---|---|---|---|---|---|
| | | | | | ဆောင်ရွက်ကြရမည်။<br>• ကျေးရွာလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာစေရန် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ဒေသနှင့်သင့်လျော်သော သက်မွေးသင်တန်းများ တက်ရောက်နိုင်ရေး ဆောင်ရွက်သွားမည်။ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၄ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၄ | ၂၁ | ၄၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၆ | ၂၇ | ၆၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၁ | ၄၁ | ၈၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၅ | ၂၅၅ | ၅၁၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၆ | ၁၆ | ၂၂ |
| **စုစုပေါင်း** | | **၃၇၀** | **၃၆၄** | **၇၃၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၉၈** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေသည် ရွာလူဦးရေစုစုပေါင်း၏ (၆၉)%ခန့်ရှိသဖြင့် လူ့စွမ်းအားအရင်းအမြစ်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် မိသားစု ဝင်လုပ်အား | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၃ | ၈၂ | | မြင့်☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / | ၆ | ၇ | | မြင့်☐လတ်☐ နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | ၈၅ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐ နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ✓ | မြင့်☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | ✓ | မြင့်☐လတ်☐ နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၃ | မြင့်☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐ နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐ နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၆ | မြင့်☐လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐ နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐ နိမ့်☐ |
| ၁ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| ၃ | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၂ | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၂၃ | ၁၈၄ | ၄ | ☒ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၄ | မြင့်☐လတ်☐နိမ့်☑ |
| | **စုစုပေါင်း** | ၁၉၂ | ၂၈၃ | ၃၈၆ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စုစုပေါင်း(၁၉၈)စုရှိရာ အိမ်ထောင်စု(၆)စုမှာ မှီခို အိမ်ထောင်စုများဖြစ်သောကြောင့် အလုပ်လုပ်နိုင်သူအင်အားတွင် အိမ်ထောင်စု (၁၉၂)စုသာ တွေ့ရှိရခြင်းဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၃၁)%သည် စိုက်ပျိုးရေးလုပ်ကိုင်ကြပြီး အိမ်ထောင်စု(၆၄)%မှာ အလုပ်သမား၊ ကျပန်း/ရာသီအလိုက်အလုပ်သမားများဖြစ်ကြပါသည်။အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့်

အိမ်များတွင် တပိုင်တနိုင်ဝက်မွေးမြူခြင်းများ၊ လက်သမား/ပန်ရံ၊ ဈေးရောင်း၊ နှီး/ဖျာယက်ခြင်း၊ စပါးပွဲစား၊ ဈေးရောင်း၊ ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများအဖြစ် လုပ်ကိုင်ကြပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။**။စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားခအနေဖြင့် ကျား၊မတန်းတူလုပ်အားခနှုန်းထားရရှိမှုတူညီကြပါသည်။ လက်သမား/ပန်ရံလုပ်ငန်းများတွင် ခေါင်းဆောင်နှင့်နောက်လိုက် လုပ်ခရရှိမှု မတူညီပါ။ အဆိုပါလုပ်ငန်းများတွင် လုပ်ငန်းအနေအထားနှင့်ခွန်အားစိုက်ထုတ်မှုအပေါ်မူတည်၍ (မ)များ သည် (ကျား)များထက် လုပ်အားခလျော့နည်းကြပါသည်။ ကျပန်းအလုပ်သမားများအနေဖြင့် အလုပ်အကိုင်များ ရှားပါးသောကြောင့် စားဝတ်နေရေးများ ခက်ခဲကြပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၄၃.၇၅ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၃၄၃.၇၅ | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှုအနေဖြင့် (၃၄၃.၇၅)ဧကရှိပါသည်။ လယ်မြေများသည် သဲပါဝင်မှုနှုန်းမြင့်သောကြောင့် မြေဆီလွှာအရည်အသွေးမှာ ညံ့ပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝအရင်းအမြစ်အနေဖြင့် သဲများ၊ တောင်ကုန်းများ တွေ့ရှိရပြီး ပုဂ္ဂလိကကျွန်းစိုက်ခင်း တချို့ကိုလည်း တွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း |
|---|---|

| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အိမ်အခြေအနေ | ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၄ | ၁၂ | ၆၃ | ၁၁၉ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်အနေဖြင့် ချောင်လည်(၂)%၊ အလယ်အလတ်(၆)%၊ ဆင်းရဲ(၃၂)%၊ အလွန်ဆင်းရဲ(၆၀)%ရှိသောကြောင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သူပေါများပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | **ဖြေရှင်းသည့်နည်းဗျူဟာ**(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ= ________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ= ________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ= ________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။...................................................................................

...........................................................................................................

## (၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောသူများ မတွေ့ရှိပါ။

## (၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိုးဦးကျတွင် လေပြင်းတိုက်ခတ်မှု အနည်းငယ်ရှိခြင်း၊ မိုးများသောလများတွင်ရေကြီးခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ကျေးရွာတွင် လောင်စာအနေဖြင့် ထင်းကိုသာအဓိကသုံးစွဲသော ကြောင့် သစ်တောပြုန်းတီးမှု မြင့်လာကြောင်း တွေ့ရှိရပါသည်။ ခုခံအားကျဆင်းမှုရောဂါအနေဖြင့် (၁)ဦးသာ

တွေ့ရှိရပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်လုပ်လက်စားကျပန်း အိမ်ထောင်စုများသောကြောင့် ပုံမှန်ဝင်ငွေမရှိ၍ ထိခိုက်မှုမြင့်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စ | အဖွဲ့အစည်း | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|

| ဉ် | အမည် | (မှန်ရာတစ်ခုကိုသ ◌ာ ရွေးရန်) | ကျား | မ | ပေါင်း | (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | (မှန်ရာတစ်ခုကိုသ ◌ာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | မိဘဆရာအသင်း | ၁☐ ၂☑ ၃☐ | ၁၅ | ၅ | ၂၀ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ကျောင်း<br>ကော်မတီ | ၁☐ ၂☑ ၃☐ | ၂၇ | ၃ | ၃၀ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၃ | သာရေး/ နာရေး | ၁☐ ၂☑ ၃☐ | ၁၂၀ | ၅၀ | ၁၇၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၄ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃☑ | ၁၈ | – | ၁၈ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၅ | ပရဟိတအသင်း | ၁☐ ၂☑ ၃☐ | ၁၂ | ၁၀ | ၂၂ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၆ | လမ်း<br>ကော်မတီ | ၁☐ ၂☑ ၃☐ | ၁၂ | ၁ | ၁၃ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၇ | နာရေး အသင်း | ၁☐ ၂☑ ၃☐ | ၇၃၀ | ၃၆၄ | ၇၃၄ | ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးေ ေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑ သင့် ☐ ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းအသီးသီးသည် စည်းလုံးညီညွတ်ကြပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင်တတ်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမရှိပါ။

## (ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၄၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၁၈ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၂၅ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၇ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၉၈** | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျပန်းလုပ်ကိုင်သူ ပေါများသောကြောင့် မြေမဲ့၊ ယာမဲ့များပါသည်။

### (၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာစိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးကြပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၃၄၃.၇၅ | တင်း | ၄၀ | ၅၀ | ၄၅ | ဝါဆို | ဝါ | မြင့်☑လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☑ |
| | | | | | | လ | ခေါင် | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | ဆန်း | လ | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | ပြည့် | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စပါးကိုသာ အဓိကစိုက်ပျိုးပြီး လယ်မြေများမှာ မြေဆီလွှာမကောင်းသောကြောင့် အထွက်နှုန်းနည်းပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | | | | ၁ |
| လက်တွန်းထွန်စက် | ၈ | | | ၁၀ |
| အစေ့ချ ကိရိယာ | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | ၅ |
| ရိတ်သိမ်းစက် | | | | |
